# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း ကာဇက်စတန်နိုင်ငံ

မေနယ်လီ

### နိဒါန်း

ကာဇက်စတန်နိုင်ငံသည် အလယ်အာရှနှင့် အရှေ့ဥရောပတွင် တည်ရှိပြီး ကမ္ဘာ့အကြီးဆုံး ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည်။ ဧရိယာစတုရန်းကီလိုမီတာ ၂၇၂၇၃၀၀ (ဧရိယာစတုရန်းမိုင် ၁၀၅၃၀၀၀) ကျယ်ဝန်းပြီး ကမ္ဘာပေါ်တွင် နဝမမြောက်အကြီးဆုံးနိုင်ငံဖြစ်သည်။ မြောက်ဘက်နှင့် အနောက်ဘက်တွင် ရုရှားနိုင်ငံ၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ကာဂျစ်စတန်နိုင်ငံ၊ ဥဇဘတ်ကစ္စတန်နိုင်ငံ၊ တာ့ခ်မင်နစ္စတန်နိုင်ငံတို့နှင့်လည်းကောင်း၊ အေရယ်လ်ပင်လယ် (Aral Sea) နှင့်လည်းကောင်း၊ အနောက်ဘက်တွင် ကက်စပီယန်ပင်လယ် (Caspian Sea) နှင့်လည်းကောင်း နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

ကာဇက်စတန်နိုင်ငံသည် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ကာဇက်ဘာသာစကားမှာ ရုံးသုံးဘာသာစကားဖြစ်သည်။ မြို့တော်မှာ ယခင်က Almaty ဖြစ်ပြီး ၁၉၉၇ ခုနှစ်မှစတင်ကာ Astana ဖြစ်ကာ မြို့တော်၏အမည်ကို ၂၀၁၉ ခုနှစ် မတ်လ ၂၃ ရက်နေ့မှ စတင်ပြီး Nur-Sultan ဟု ပြောင်းလဲခဲ့သည်။ လူဦးရေစုစုပေါင်း ၁၈ ဒသမ ၈ သန်းရှိပြီး လူမျိုးပေါင်း ၁၃၁ မျိုးရှိသည်။ ၂၀၁၉ ခုနှစ်စာရင်းများအရ အဓိကအားဖြင့် ကာဇက်လူမျိုး ၆၈ ရာခိုင်နှုန်း၊ ရုရှားလူမျိုး ၁၉ ဒသမ ၃ ရာခိုင်နှုန်း၊ ဥဇဘတ်လူမျိုး ၃ ဒသမ ၂ ရာခိုင်နှုန်း၊ ယူကရိန်းလူမျိုး ၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဝီဂါလူမျိုး (Uighur) ၁ ဒသမ ၅ ရာခိုင်နှုန်း၊ တတာလူမျိုး (Tatar) ၁ ဒသမ ၁ ရာခိုင်နှုန်း၊ ဂျာမန်လူမျိုး ၁ ရာခိုင်နှုန်းနှင့် အခြားလူမျိုးများ ၄ ဒသမ ၄ ရာခိုင်နှုန်း နေထိုင်သည်။

ကာဇက်စတန်နိုင်ငံတွင် ပြည်နယ် ၁၄ ပြည်နယ်နှင့် အထင်ကရမြို့ကြီးနှစ်မြို့ရှိပြီး ယင်းအောက်တွင် ခရိုင်စုစုပေါင်း ၂၁၅ ခရိုင်၊ မြူနီစီပယ် ၂၄၄၅ ခုရှိသည်။ မြို့ကြီးနှစ်မြို့ဖြစ်သည့် Almaty နှင့် Nur-Sultan မှာ မည်သည့်ပြည်နယ်တွင်မှ ပါဝင်ခြင်းမရှိဘဲ ၎င်းတို့အား "State Importance" သို့မဟုတ် "City of Republican Significance " ဟု သတ်မှတ်ထားပါသည်။ ကမ္ဘာ့ပထမဆုံး အာကာသဂြိုဟ်ပတ်လမ်းကြောင်းနှင့် လူသားလိုက်ပါသည့် အာကာသယာဉ် စတင်စေလွှတ်ရာနေရာဖြစ်သည့် Baikonur Cosmodrome အတွက် အသုံးပြုရန် ရုရှားနိုင်ငံက ၂၀၅၀ ပြည့်နှစ်အထိငှားထားသည့် တောင်ပိုင်းရှိ Baikonur မြို့အား အထူးအခြေအနေ (Special Status) အဖြစ် သတ်မှတ်ထားရှိသည်။




ကာဇက်စတန်နိုင်ငံသည် သမ္မတနိုင်ငံဖြစ်ပြီး နိုင်ငံ၏အကြီးအကဲမှာ သမ္မတဖြစ်ကာ အစိုးရအဖွဲ့အကြီးအကဲကို သမ္မတက ခန့်အပ်သည်။ နိုင်ငံရေးဆုံးဖြတ်ချက်များကို သမ္မတ၊ အစိုးရအဖွဲ့နှင့် လွှတ်တော်တို့၏ အတည်ပြုချက်ဖြင့် ချမှတ်သည်။ အစိုးရအဖွဲ့တွင် အုပ်ချုပ်ရေးအာဏာရှိပြီး အစိုးရနှင့် လွှတ်တော်နှစ်ရပ်တွင် ဥပဒေပြုရေးအာဏာရှိသည်။

### အုပ်ချုပ်ရေးအာဏာ

သမ္မတ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး မဲအများဆုံးဖြင့် အနိုင်ရရှိသူအား ရွေးကောက်တင်မြှောက်သည်။ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီအဖွဲ့ဝင် ဝန်ကြီးများအား သမ္မတက ခန့်အပ်ခြင်းဖြစ်သည်။ သမ္မတသည် နိုင်ငံ့ခေါင်းဆောင်ဖြစ်သကဲ့သို့ ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်ကာ လွှတ်တော်က အတည်ပြုသည့် ဥပဒေများကို ဗီတိုအာဏာဖြင့် ပယ်ဖျက်နိုင်သည်။ ပြည်နယ်များတွင် ဒေသန္တရအစိုးရအဖွဲ့များရှိပြီး ဒေသန္တရလွှတ်တော်များ (Mas-likhats) နှင့် အုပ်ချုပ်ရေးအဖွဲ့များ (Akimats) ဟူ၍ နှစ်ပိုင်းရှိသည်။ ပြည်နယ် ၁၄ ပြည်နယ်နှင့် မြို့ကြီးနှစ်မြို့၏ အကြီးအကဲများ (အုပ်ချုပ်ရေးမှူးများ) အား သမ္မတက ခန့်အပ်သည်။

> ❍ သမ္မတ၏သက်တမ်းမှာ ငါးနှစ်ဖြစ် ပြီး မဲအများဆုံးဖြင့် အနိုင်ရရှိသူအား ရွေးကောက်တင်မြှောက်သည်။ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီအဖွဲ့ဝင် ဝန်ကြီးများအား သမ္မတက ခန့်အပ်ခြင်းဖြစ်သည်။ သမ္မတသည် နိုင်ငံ့ခေါင်းဆောင်ဖြစ်သကဲ့သို့ ကာကွယ်ရေးဦးစီးချုပ် လည်းဖြစ်ကာ လွှတ်တော်က အတည်ပြုသည့် ဥပဒေများကို ဗီတို အာဏာဖြင့် ပယ်ဖျက်နိုင်

### ဥပဒေပြုရေးအာဏာ

အောက်လွှတ်တော် (Lower House Assembly – Mazhilis) နှင့် အထက်လွှတ်တော် (Upper House Senate) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိသည်။ အောက်လွှတ်တော် (Lower House Assembly–Mazhilis) တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၀၇ နေရာရှိပြီး ကိုးဦးအား Assembly of People of Kazakhstan ကရွေးချယ်သည်။ ၉၈ ဦးအား အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်ပွဲပြုလုပ်ကာ ရွေးချယ်သည်။ အနည်းဆုံးရရှိရမည့် ထောက်ခံမဲမှာ ၇ ရာခိုင်နှုန်းဖြစ်ပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ အထက်လွှတ်တော် (Upper House Senate) တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၇ နေရာရှိပြီး ကိုယ်စားလှယ် ၁၅ ဦးအား သမ္မတက ရွေးချယ်ခန့်အပ်သည်။ ကိုယ်စားလှယ် နှစ်ဦးစီအား ပြည်နယ်တစ်ခုစီမှလည်းကောင်း၊ အထူးမြို့ကြီးများနှင့် မြို့တော်မှလည်းကောင်း ရွေးချယ်ခန့်အပ်ခြင်း ဖြစ်သည်။ သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။ တာဝန်ထမ်းဆောင်ခဲ့ပြီးသည့် သမ္မတဟောင်းများသည် တစ်သက်တာ ဂုဏ်ထူးဆောင် အထက်လွှတ်တော်အမတ်များဖြစ်သည်။

### တရားစီရင်ရေးအာဏာ

ကာဇက်စတန်နိုင်ငံ၏ တရားလွှတ်တော်ချုပ်တွင် တရားသူကြီး ၆၅ ဦးရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီတွင် အဖွဲ့ဝင် ခုနစ်ဦးရှိပြီး ၎င်းတို့အနက် သုံးဦးအား သမ္မတက ခန့်အပ်ခွင့်ရှိပြီး ကောင်စီဥက္ကဋ္ဌကိုလည်းရွေးချယ်ခန့်အပ်နိုင်သည်။ ကျန်အဖွဲ့ဝင် လေးဦးအနက် နှစ်ဦးအား အထက်လွှတ်တော်နှင့် နှစ်ဦးအား အောက်လွှတ်တော်က ခန့်အပ်ကာ သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။ တရားလွှတ်တော်ချုပ်က နိုင်ငံ၏တရားစီရင်ရေးစနစ်ကို ဦးဆောင်ပြီး ပြည်နယ်နှင့် ဒေသန္တရအဆင့်တွင် တရားရုံးများနှင့် တရားလွှတ်တော်ချုပ်များရှိသည်။ ၁၉၉၈ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များအရ သမ္မတက အဆင့်မြင့်တရားရေးကောင်စီ၏ဥက္ကဋ္ဌအား ခန့်အပ်နိုင်ပြီး ယင်းကောင်စီက တရားလွှတ်တော်ချုပ်တရားသူကြီးများအား အဆိုပြုသည်။ အဆိုပြုတရားသူကြီးများအား သမ္မတ၏ထောက်ခံမှုဖြင့် အထက်လွှတ်တော်က အတည်ပြုခန့်အပ်သည်။ ပြည်နယ်တရားသူကြီးများကိုလည်း သမ္မတကခန့်အပ်သည်။ အခြားအဆင့်တရားသူကြီးများအား အဆင့်မြင့်တရားရေးကောင်စီက အမည်စာရင်းတင်သွင်းပြီး သမ္မတက အတည်ပြုခန့်အပ်သည်။ ၂၀၀၀ ပြည့်နှစ် ဥပဒေပြင်ဆင်ချက်များအရ တရားသူကြီးများ၏ သက်တမ်းမှာ တစ်သက်တာ ဖြစ်သည်။

### ရွေးကောက်ပွဲအမျိုးအစားများနှင့် ရွေးကောက်ပွဲစနစ်များ

ကာဇက်စတန်နိုင်ငံတွင် မဲမပေးမနေရစနစ်ကို ကျင့်သုံးပြီး သမ္မတရွေးကောက်ပွဲ၊ အောက်လွှတ်တော် (Lower House Assembly– Mazhilis) ရွေးကောက်ပွဲများ၊ အထက်လွှတ်တော် (Upper House Senate) ရွေးကောက်ပွဲများနှင့် ဒေသန္တရလွှတ်တော် (Maslihat) ရွေးကောက်ပွဲများကို ကျင်းပသည်။ ၂၀၂၂ ခုနှစ်မှစတင်ကာ ဒေသန္တရအုပ်ချုပ်ရေးမှူးအဆင့်ဆင့် ရွေးကောက်ပွဲများ ကျင်းပခဲ့သည်။ လွတ်လပ်ရေး အခြေခံမူဝါဒများနှင့် ရွေးကောက်ပွဲစနစ်အား ၁၉၉၃ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုခဲ့သည့် ပထမဆုံး ကာဇက်စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကြေညာခဲ့ပြီး ၁၉၉၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် လူထုဆန္ဒခံယူပွဲတွင် အတည်ပြုခဲ့သည်။

ရွေးကောက်ပွဲနေ့တွင် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း မဲပေးနိုင်ပြီး ယင်းသတ်မှတ်ချက်အတွင်း မဲရုံဖွင့်ချိန်၊ ပိတ်ချိန်များကို ခရိုင်ရွေးကောက်ပွဲကော်မရှင်များက သတ်မှတ်နိုင်သည်။ Territorial Election Commission များသည် ရွေးကောက်ပွဲနေ့မတိုင်မီ ခုနစ်ရက်ထက်နောက်မကျဘဲ မဲရုံတည်နေရာစာရင်းများကို ထုတ်ပြန်ကြေညာရသည်။

### သမ္မတရွေးကောက်ပွဲများ

ကာဇက်စတန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲများကို Two Round System ဖြင့် ကျင်းပပြီး သမ္မတ၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ကာ မဲအများဆုံးဖြင့် အနိုင်ရရှိသူအား ရွေးကောက်တင်မြှောက်သည်။ ပထမအကြိမ် ရွေးကောက်ပွဲတွင် ဆန္ဒမဲအပြတ်အသတ်ဖြင့် အနိုင်ရရှိသူမရှိပါက မဲအများဆုံးရရှိသည့် သမ္မတလောင်း နှစ်ဦးဖြင့် ဒုတိယအကြိမ် ရွေးကောက်ပွဲများအား ကျင်းပသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ အရ အသက် ၄၀ နှစ်ပြည့်ပြီး နိုင်ငံတော်၏ ဘာသာဖြစ်သည့် ကာဇက်ဘာသာစကားအား ကျွမ်းကျင်စွာ ပြောဆိုနိုင်သည့်၊ ကာဇက်စတန်နိုင်ငံအတွင်း လွန်ခဲ့သည့် ၁၅ နှစ်ကြာနေထိုင်ခဲ့သည့် ကာဇက်စတန်နိုင်ငံသားများအား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူများသည် မဲဆန္ဒရှင်စုစုပေါင်း၏ ၁ ရာခိုင်နှုန်းထံမှ ထောက်ခံချက်လက်မှတ်များရရှိရန် လိုအပ်သည်။ ဥပမာ – ၂၀၁၉ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၈၀၄၀၁၉ ဦးရှိသည့်အတွက် သမ္မတလောင်းတစ်ဦးလျှင် မဲဆန္ဒရှင် ၁၁၈၀၄၀ ထံမှ ထောက်ခံချက်လက်မှတ်များ ရရှိရန်လိုအပ်သည်။ ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့သည့် ဥပဒေပြင်ဆင်ချက်များတွင် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူများသည် အဆင့်မြင့်ပညာရေးရှိရန်၊ အစိုးရဝန်ထမ်းအဖြစ်သော်လည်းကောင်း သို့မဟုတ် ရွေးကောက်ခံ ပုဂ္ဂိုလ်တစ်ဦးဦး၏ ရုံးတွင်လည်းကောင်း ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ဖူးသူ၊ ပြည်နယ်ရေးရာ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့်သော်လည်းကောင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ဖူးသူဖြစ်ရမည် ဟူသည့် အချက်များ ပါရှိသည်။

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ မန္တလေးမြို့ရှိ အားကစားကွင်း/အားကစားရုံများနှင့် မန္တလေး အားကစားနှင့်ကာယပညာ (သိပ္ပံ) ကျောင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ရွှေမန်းတောင် အားကစားကွင်းရှိ အားကစားသမားများ စခန်းဝင် လေ့ကျင့်နေထိုင်ရန် တည်ဆောက်ပြီးဖြစ်သော လေးထပ်ဆောင်နှင့် အားကစားသမားများကို ကျွေးမွေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ရွှေမန်းတောင် ဘောလုံးအားကစားကွင်းနှင့် ကွင်းစိမ်းလန်းစိုပြည်ရေး မြေအောက်ရေဂါလန် ၁၀၀၀၀ ဆံ့ ရေကန်နှင့် ဂါလန် ၃၂၀၀ ဆံ့ ပေ ၃၀ မြင့် ရေစင်တည်ဆောက်နေမှုကိုလည်းကောင်း၊ အောင်မြေ မန္တလာဘောလုံးကွင်းကို တိုင်းဒေသကြီးအဆင့် ဘောလုံးကွင်းအဖြစ် ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အောင်မြေ မန္တလာ မိုးလုံလေလုံအားကစားရုံကိုလည်းကောင်း၊ ဗထူး အားကစားကွင်း ပြုပြင်ရေး လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် မန္တလေးတိုင်းဒေသကြီး အားကစား ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးပြီး အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

**တွေ့ဆုံအမှာစကားပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးအားကစားနှင့်ကာယပညာ(သိပ္ပံ) ကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား/ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားရာတွင် မိမိတို့သည် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်ရန် ရည်မှန်းကြိုးစားနေကြသူများဖြစ်သောကြောင့် မိမိခံယူချက်မြင့်မားစွာ ထားရှိ၍ သင်ယူလေ့ကျင့်ရန် လိုအပ်ပါကြောင်း၊ အားကစားကို တွဲ၍လေ့ကျင့်နေရသော သင်တန်းသား/ သင်တန်းသူများ ဖြစ်၍ ပညာသင်ကြားရင်း လေ့ကျင့်မှု အရှိန်အဟုန်မပြတ်စေရန် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ရန် လိုအပ်ကြောင်းနှင့် အားကစားသမားများ အလုပ်အကိုင်အခွင့်အလမ်း ဘဝအာမခံချက်ရရှိရေး စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားပြီး အားကစားနှင့်ကာယပညာ(သိပ္ပံ) ဝန်ထမ်းများကို တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် အားကစားနှင့် ကာယပညာ(သိပ္ပံ) မန္တလေးရှိ စားရိပ်သာနှင့် သင်တန်းသား/ သင်တန်းသူအိပ်ဆောင်အားကစားနည်းအလိုက် အားကစားနည်းများ လေ့ကျင့်နေမှုများနှင့် မန္တလာ သီရိဘောလုံး အားကစားကွင်း အတွင်းရှိ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

စာမျက်နှာ ၆ မှ

**အထက်လွှတ်တော် (Upper House Senate) ရွေးကောက်ပွဲများ**

အထက်လွှတ်တော် (Upper House Senate) တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၇ နေရာရှိပြီး ကိုယ်စားလှယ် ၁၅ ဦးအား သမ္မတက ရွေးချယ်ခန့်အပ်သည်။ ကျန် ၃၂ နေရာအတွက် ကိုယ်စားလှယ် နှစ်ဦးစီအား ပြည်နယ်များ၊ အထူးမြို့ကြီးများနှင့် မြို့တော်မှလည်းကောင်း ဒေသန္တရ လွှတ်တော်များက ရွေးချယ်ခန့်အပ်ခြင်းဖြစ်သည်။ အထက်လွှတ်တော်၏ သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပြီး သမ္မတကခန့်အပ်သည့် ၁၅ ဦးမှအပ ကျန်ကိုယ်စားလှယ်များမှာ အထက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်ပူးတွဲထမ်းဆောင်ရပြီး ၎င်းတို့၏ အထက်လွှတ်တော်ကိုယ်စားလှယ်နေရာများ၏ ထက်ဝက်အား သုံးနှစ်တစ်ကြိမ် လဲလှယ်ခန့်အပ်သည်။

ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအတွက် နိုင်ငံတော်က မဲဆွယ်စည်းရုံးရေးအသုံးစရိတ်များ ကျခံပေးသည်။ ဥပမာ အထက်လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်အဖြစ် ဒေါ်လာ ၂၁၇၀ ကိုရရှိသည်။ အထက်လွှတ်တော်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်းများ အနေဖြင့် ရုပ်မြင်သံကြားတွင် ၁၅ မိနစ်စာ ဟောပြောမှုကုန်ကျစရိတ် (၃၀၃ ဒေါ်လာခန့်)၊ ရေဒီယိုမှ တစ်ဆင့် ၁၀ မိနစ်စာ ဟောပြောမှုကုန်ကျစရိတ် (၁၅၈ ဒေါ်လာခန့်)၊ မီဒီယာတွင် ဆောင်းပါးနှစ်ပုဒ်ဖော်ပြမှု (၂၇၆ ဒေါ်လာခန့်)၊ မဲဆန္ဒရှင်များနှင့် တွေ့ဆုံရန် ခန်းမငှားရမ်းခ (၅၃ ဒေါ်လာခန့်)၊ မဲဆွယ်စည်းရုံးရေး စာရွက်စာတမ်းများ ပုံနှိပ်ခ (၆၆ ဒေါ်လာခန့်)၊ ခရီးသွားလာစရိတ် (ပြည်နယ်များအတွက် ၁၈၄ ဒေါ်လာခန့်နှင့် မြို့ကြီးများအတွက် ၉၂ ဒေါ်လာခန့်) အား နိုင်ငံတော် ထံမှရရှိသည်။

**အောက်လွှတ်တော် (Lower House Assembly– Mazhilis) ရွေးကောက်ပွဲများ**

အောက်လွှတ်တော် (Lower House Assembly– Mazhilis) တွင် လွှတ်တော်ကိုယ်စားလှယ် နေရာ ၁၀၇ နေရာရှိပြီး ကိုးဦးအား Assembly of People of Kazakhstan က ရွေးချယ်သည်။ သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ ၉၈ ဦးအား အချိုးကျကိုယ်စားပြုစနစ် (Party List PR) ဖြင့် ရွေးကောက်ပွဲပြုလုပ်ကာ ရွေးချယ်ပြီး အနည်းဆုံးမဲရရှိမှုသတ်မှတ်ချက်မှာ ၇ ရာခိုင်နှုန်းဖြစ်သည်။ Largest Remainder System ကို ကျင့်သုံးပြီး စုစုပေါင်းဆန္ဒမဲ၏ ၇ ရာခိုင်နှုန်းနှင့် အထက် အနိုင်ရရှိသော ပါတီများအား ကိုယ်စားလှယ်နေရာများကို အချိုးကျ ခွဲဝေပေးခြင်းဖြစ်သည်။

Largest Remainder အရ အညီအမျှ ရရှိသော ပါတီများရှိနေပါက ဦးစွာ ပါတီမှတ်ပုံတင်ခြင်း ပြုလုပ်ထားသည့် ပါတီက အဆိုပါနေရာကို ရရှိမည်ဖြစ်သည်။ အကယ်၍ အနည်းဆုံးဆန္ဒမဲ သတ်မှတ်ချက် (Threshold) ရရှိသည့် ပါတီ တစ်ပါတီသာရှိခဲ့ပါက ဒုတိယနေရာတွင် မဲအများဆုံးရရှိသည့် ပါတီက အနည်းဆုံး နေရာ နှစ်နေရာ ရရှိမည်ဖြစ်သည်။ နေရာလစ်လပ်မှုများ ဖြစ်ပေါ်ခဲ့ပါက ပါတီက တင်သွင်းထားသည့်စာရင်းတွင် ပါရှိသည့် ကိုယ်စားလှယ်လောင်း အစဉ်လိုက် နေရာရရှိမည်ဖြစ်သည်။




အကယ်၍ ပါတီစာရင်းတွင် ပါရှိသည့် ကိုယ်စားလှယ်လောင်း မကျန်ရှိတော့ပါက အဆိုပါ ကိုယ်စားလှယ်နေရာအား နောက်တစ်ကြိမ် အောက်လွှတ်တော် ရွေးကောက်ပွဲကျင်းပချိန်အထိ လစ်လပ်ထားမည် ဖြစ်သည်။

**ဒေသန္တရလွှတ်တော်ရွေးကောက်ပွဲများ (Elections for Maslihat)**

ဒေသန္တရ ရွေးကောက်ပွဲများကို ပြည်နယ်များနှင့် အထင်ကရမြို့ကြီးများတွင် ငါးနှစ်တစ်ကြိမ် ကျင်းပသည်။ ရွေးကောက်ပွဲများအား အချိုးကျ ကိုယ်စားပြုစနစ် (Party List PR) ငါးနှစ်တစ်ကြိမ်ကျင်းပပြီး အနည်းဆုံး ရရှိရမည့်မဲမှာ ၇ ရာခိုင်နှုန်းဖြစ်သည်။ အသက် ၂၀ နှစ် ပြည့်ပြီးသည့် ကာဇက်စတန်နိုင်ငံသားများ ဒေသန္တရ လွှတ်တော် ရွေးကောက်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ရွေးချယ်ခံခွင့် ရှိသည်။ ရွေးကောက်ပွဲနေ့တွင် နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း မဲပေးနိုင်သည်။

**ဒေသန္တရအုပ်ချုပ်ရေးမှူးရွေးကောက်ပွဲများ ( Elections for Akims )**

လွတ်လပ်ရေးရရှိပြီးချိန်မှ စတင်ကာ နှစ်ပေါင်း ၂၀ ကျော်ကြာသည်အထိ ကာဇက်စတန်နိုင်ငံတွင် ပြည်နယ်များ၊ ခရိုင်များ၊ မြို့များနှင့် ရွာများ၏ အကြီးအကဲများနေရာများအား ဗဟိုအစိုးရက ရွေးချယ်ခန့်အပ်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့သည့် “ကာဇက်စတန်မဟာဗျူဟာ ၂၀၅၀ ( Kazakhstan Strategy 2050 )” အရ ဒေသန္တရအုပ်ချုပ်ရေးအဆင့်များအား ရွေးကောက်ပွဲများဖြင့် ရွေးချယ်ခန့်အပ်ရန် ဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် သမ္မတ၏ ဒီကရီအမှတ် ၅၅၅ ဖြင့် ခရိုင်များ၊ ကျေးလက်ခရိုင်များ (Rural District) ကျေးရွာများ၊ ကျေးလက်ကျေးရွာ (Rural Villages) များ၏ အကြီးအကဲများ၊ အုပ်ချုပ်ရေးမှူးများအား ပြည်သူများက လျှို့ဝှက်ဆန္ဒမဲဖြင့် လေးနှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ရန် အတည်ပြုခဲ့သည်။ ယင်းဒီကရီတွင် တစ်ဆင့်ရွေးကောက်တင်မြှောက်ခြင်း (Indirect Suffrage) ဟုသုံးစွဲခဲ့ပြီးအကြောင်းရင်းမှာ ခရိုင်အုပ်ချုပ်ရေးမှူးများ (Akims) အား မဲဆန္ဒရှင်များက တိုက်ရိုက်ရွေးကောက် တင်မြှောက်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ ဒေသန္တရခရိုင်လွှတ်တော်ကိုယ်စားလှယ်များ (Deputies of Maslikhats) က ရွေးချယ်ခန့်အပ်သောကြောင့် ဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ကာဇက်စတန်နိုင်ငံ၏ ပထမဆုံးသော ကျေးလက် ခရိုင်အုပ်ချုပ်ရေးမှူးများ (Rural Akims) အား တိုက်ရိုက်ရွေးချယ်သည့် ရွေးကောက်ပွဲများကို ပြည်နယ် ၁၄ ပြည်နယ်တွင် ကျင်းပခဲ့သည်။ မဲပေးခဲ့သူစုစုပေါင်း ၁ ဒသမ ၂ သန်းကျော်ရှိခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်း ၂၂၄၇ ဦး (တစ်သီးပုဂ္ဂလ ၁၄၁၉ ဦး၊ ပါတီမှအမည်စာရင်း တင်သွင်းသူ ၈၇၈ ဦး) ရှိကာ မဲရုံပေါင်း ၁၈၄၇ ရုံ ဖွင့်လှစ်ခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း ကာဇက်စတန်နိုင်ငံ

## မေနယ်လီ

(ယမန်နေ့မှအဆက်)

### ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း

မဲဆန္ဒရှင်စာရင်းတွင် ပါဝင်ပြီး အသက် ၂၅ နှစ်ပြည့်ပြီးသည့် ကာဇက်စတန်နိုင်ငံအတွင်း လွန်ခဲ့သည့် ၁၀ နှစ်အတွင်းနေထိုင်သော နိုင်ငံသားများသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခြင်း ခံထားရသောသူများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုပါ။ ထို့အပြင် လွှတ်တော်ပြင်ပ၌ လစာဖြင့် တာဝန်ထမ်းဆောင်နေသူများ၊ အခြားလွှတ်တော်တစ်ရပ်ရပ်တွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူများ၊ စာပေသင်ကြားပို့ချခြင်း၊ သုတေသနပြုခြင်းနှင့် အခြားတီထွင်ဖန်တီးမှုလုပ်နေသူများမှအပ စွန့်ဦးတီထွင်စီးပွားရေးသမားများ သို့မဟုတ် လစာဖြင့် အလုပ်လုပ်ကိုင်နေသူများ၊ စီးပွားရေးရာ အဖွဲ့အစည်းတစ်ခုခုတွင် စီမံခန့်ခွဲရေးအဆင့်အဖွဲ့ဝင် သို့မဟုတ် စီမံအုပ်ချုပ်မှု ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေသူများလည်း ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပါ။

အောက်လွှတ်တော် ရွေးကောက်ပွဲများအတွက် နိုင်ငံရေးပါတီတစ်ခုလျှင် ကိုယ်စားလှယ်လောင်း ၉၈ ဦးနှင့် ၃၀ ရာခိုင်နှုန်းအပိုဆောင်း ၂၉ ဦး စုစုပေါင်း ကိုယ်စားလှယ်လောင်းအများဆုံး ၁၂၉ ဦး၏ အမည်စာရင်းများကို တင်သွင်းရသည်။ ကာဇက်စတန်နိုင်ငံ၏ ဥပဒေအရ အနည်းဆုံး လုပ်ခလစာ၏ ၁၅ ဆအား ပါတီစာရင်းတွင်ပါသည့် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ရွေးကောက်ပွဲဝင်ခွင့် အာမခံကြိုတင်ငွေအဖြစ် ပေးသွင်းရသည်။ သို့ရာတွင် ယခင်ရွေးကောက်ပွဲ၌ အနည်းဆုံးမဲရရှိမှုသတ်မှတ်ချက် ၇ ရာခိုင်နှုန်းရရှိခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် ယင်းအာမခံငွေပေးသွင်းရန် မလိုပါ။ ယခင်ရွေးကောက်ပွဲ၌ အနည်းဆုံး မဲရရှိမှုသတ်မှတ်ချက် ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအကြား ရရှိခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် ယင်းအာမခံငွေ၏ ၅၀ ရာခိုင်နှုန်းကို ပေးသွင်းရပြီး အနည်းဆုံး

| သမ္မတရွေးကောက်ပွဲ | အထက်လွှတ်တော် (Upper House Senate) | အောက်လွှတ်တော် (Lower House- Majilis) |
| --- | --- | --- |
| • သက်တမ်း ၅ နှစ်<br>• မဲများသူအနိုင်ရစနစ်<br>• Two Round System | • သက်တမ်း ၆ နှစ်<br>• ၄၇ နေရာ<br>• ၁၅ ဦးအား သမ္မတက ခန့်အပ်<br>• ၃၂ ဦးအား ပြည်နယ်နှင့် မြို့တော်များမှ ၂ ဦးစီ ရွေးချယ် | • သက်တမ်း ၅ နှစ်<br>• ၁၀၇ နေရာ<br>• ၇ ဦးအား Assembly of People ကရွေးချယ်<br>• ၉၈ ဦးအား Party List PR စနစ်ဖြင့်ရွေးချယ်<br>• အနည်းဆုံးရရှိရမည့်မဲ ၇ ရာခိုင်နှုန်း |

မဲရရှိမှုသတ်မှတ်ချက် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအကြား ရရှိခဲ့သည့် နိုင်ငံရေးပါတီများအနေဖြင့် ယင်းအာမခံငွေ၏ ၇၀ ရာခိုင်နှုန်းကို ပေးသွင်းရပါသည်။ ရွေးကောက်ပွဲ ဝင်ခွင့်အာမခံကြိုတင်ငွေအား သက်ဆိုင်ရာရွေးကောက်ပွဲတွင် အနည်းဆုံးမဲရရှိမှု သတ်မှတ်ချက် ၇ ရာခိုင်နှုန်းရရှိခဲ့သည့် နိုင်ငံရေးပါတီများအားလည်းကောင်း၊ ပါတီစာရင်းတွင် တစ်ဦးတည်းသာပါရှိသည့် ကိုယ်စားလှယ်လောင်းတစ်ဦးဦး သေဆုံးသွားချိန်၌လည်းကောင်း ပြန်လည်ထုတ်ပေးပါသည်။

### မဲပေးခွင့်သတ်မှတ်ချက်များ

အသက် ၁၈ နှစ်ပြည့်ပြီးသည့် ကာဇက်စတန် နိုင်ငံသားများသည် ရွေးကောက်ပွဲများတွင် မဲပေးခွင့်ရှိသည်။ အကျဉ်းကျနေသူများ၊ အဂတိလိုက်စားခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းအတွက် အပြစ်ရှိသည်ဟု တရားရုံးက သတ်မှတ်ထားသူ သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခံရပြီး တရားရုံးက ဥပဒေအရ ယင်းပြစ်မှုကို ဖျက်သိမ်းခြင်း သို့မဟုတ် ယင်းအမှုကို ရုပ်သိမ်းခြင်းမပြုရသေးသည့်သူများ မဲပေးခွင့်မရှိပါ။

### မဲဆန္ဒရှင်စာရင်းပြုစုခြင်း

ကာဇက်စတန်နိုင်ငံတွင် မဲဆန္ဒရှင်စာရင်းများကို ဒေသန္တရမြို့တော်ကောင်စီများ(Akimats) က သက်ဆိုင်ရာဒေသတွင် နေထိုင်သူများကို အခြေခံပြီး ပြုစုရသည်။ ယင်းမဲစာရင်းများကို တစ်နှစ်လျှင် နှစ်ကြိမ် TEC များထံသို့ ပေးပို့ရသည်။ ဗဟိုရွေးကောက်ပွဲ ကော်မရှင်ထံတွင် တစ်နိုင်ငံလုံး၏ မဲဆန္ဒရှင်စာရင်းများကို စုစည်းထိန်းသိမ်းထားပြီး မဲဆန္ဒရှင်များအားတစ်ကြိမ်ထက် ပိုမို၍စာရင်းသွင်းထားခြင်းကို စစ်ဆေးပြင်ဆင်နိုင်ရန်အလို့ငှာ မဲဆန္ဒရှင်စာရင်းများကို ဗဟိုရွေးကောက်ပွဲ ကော်မရှင်ထံ ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၂၀ အလိုတွင် ပေးပို့ရသည်။ မဲဆန္ဒရှင်စာရင်းများကို ရွေးကောက်ပွဲမတိုင်မီ ၁၅ ရက်အလိုတွင် ကပ်ထားကြေညာပြီး မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းတွင်ပါဝင်ခြင်းမရှိပါက သက်ဆိုင်ရာနေရာဒေသတွင် နေထိုင်သူမှန်ကန်ကြောင်း အထောက်အထားပြလျက် မဲဆန္ဒရှင်စာရင်းတွင် ၎င်း၏ အမည်ပါဝင်ရေးကို ရွေးကောက်ပွဲနေ့အထိ ဆောင်ရွက်နိုင်သည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေ

ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် ကာဇက်စတန်နိုင်ငံတွင် အမြင့်ဆုံးဥပဒေဖြစ်ပြီး ၁၉၉၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ကာ ယင်းနေ့ကိုလည်း ကာဇက်စတန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနေ့အဖြစ် သတ်မှတ်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်မှုများကို ၁၉၉၈ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များတွင် ဆောင်ရွက်ခဲ့သည်။ စတုတ္ထအကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုများအား ၂၀၁၇ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကောင်စီက အတည်ပြုခဲ့ပြီး ပုဒ်မ ၁၉ ခုအား ပြင်ဆင်ခဲ့ကာ ပြင်ဆင်ချက် ၂၆ ခုရှိခဲ့သည်။

### ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ ဖြေရှင်းခြင်း

မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်လွှာများကို တင်သွင်းနိုင်ပြီး ယင်းတို့အား ၅ ရက်အတွင်း ဖြေရှင်းဆောင်ရွက်ပေးသည်။ ရွေးကောက်ပွဲနေ့အပါ ၅ ရက်အတွင်း တင်သွင်းသည့် ကန့်ကွက်လွှာများ သို့မဟုတ် ရွေးကောက်ပွဲနေ့တွင် တင်သွင်းသည့် ကန့်ကွက်လွှာများအား ချက်ချင်းစစ်ဆေးသည်။ နောက်ဆုံးရလဒ်များနှင့် စပ်လျဉ်းသည့် အယူခံများအား ရလဒ်များ ကြေညာပြီးနောက် ၁၀ ရက် အတွင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီထံသို့ တင်သွင်းနိုင်သည်။ နိုင်ငံတော် သမ္မတ၊ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဝန်ကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ် ၅ ပုံ ၁ ပုံတို့၏ သဘောတူညီမှုဖြင့် အယူခံလွှာများနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို ချမှတ်သည်။

### ဗဟိုရွေးကောက်ပွဲကော်မရှင် (Central Election Commission of the Republic of Kazakhstan – CEC/ Қазақстан Республикасының Орталық сайлау комиссиясы – OSK)

ဗဟိုရွေးကောက်ပွဲကော်မရှင် (OSK) အား ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် Central Election Commission for Elections and Recall of People's Deputies of the Kazakh SSR ဟူသည့်အမည်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၅ ဦး ပါဝင်ဖွဲ့စည်းခဲ့သည်။ ကာဇက်စတန်သမ္မတ၏ ဒီကရီအမှတ် ၃၂၀၅ ဖြင့် လက်ရှိဗဟိုရွေးကောက်ပွဲကော်မရှင် (OSK) အား ၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အတည်ပြုဖွဲ့စည်းခဲ့သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင် (OSK) သည် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအသင်း (A-WEB) အဖွဲ့ဝင် ဖြစ်လာသည်။

ဗဟိုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ဥက္ကဋ္ဌ တစ်ဦး၊ အဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း ခုနစ်ဦးဖြင့် ဖွဲ့စည်းထားသည်။ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် နှစ်ဦးအား ကာဇက်စတန် သမ္မတကလည်းကောင်း၊ အဖွဲ့ဝင် နှစ်ဦးအား အထက်လွှတ်တော် (Senate- Maslikhat) က လည်းကောင်း၊ ကျန်အဖွဲ့ဝင် နှစ်ဦးအား အောက်လွှတ်တော် (Lower House- Majilis/ Mazhilis) က လည်းကောင်း အဆိုပြုခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၂ အရ ကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအား အကောင်အထည်ဖော်ခြင်း၊ သမ္မတရွေးကောက်ပွဲများ၊ အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ရွေးကောက်ပွဲများအား ကျင်းပပေးခြင်း၊ သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရာတွင် ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှုများအား စီမံခန့်ခွဲခြင်း၊ သမ္မတနှင့် လွှတ်တော်ရွေးကောက်ပွဲများဆိုင်ရာ ရလဒ်များအား စုစည်းထုတ်ပြန်ခြင်း၊ သမ္မတနှင့် လွှတ်တော်ကိုယ်စားလှယ်များအား မှတ်တမ်းတင်ခြင်းနှင့် ပြည်သူလူထုအား အသိပေးခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်သည်။

၁၉၉၅ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကို သမ္မတ၏ အဆိုပြုချက်ဖြင့် အောက်လွှတ်တော် (Lower House- Majilis/ Mazhilis) က ဆောင်ရွက်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများအရ ကော်မရှင်အားခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းတို့အား သမ္မတနှင့် လွှတ်တော်နှစ်ရပ်ပူးပေါင်းကာ ဆောင်ရွက်ရသည်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ရွေးကောက်ပွဲကော်မရှင်တွင် Central Election Commission (CEC – OSK)၊ Territorial Election Commissions – TECs (ပြည်နယ်အဆင့် – Regional နှင့် အဆင့်တူ)၊ District Election Commissions – DECs (ခရိုင်အဆင့်နှင့် အဆင့်တူ) နှင့် Precinct Election Commissions (PECs)ဟူ၍ ဖွဲ့စည်းထားသည်။ ၂၀၂၂ ခုနှစ်စာရင်းများအရ CEC – OSK အောက်တွင် ၁၆ TECs၊ ၃၅၄၃ DECs နှင့် ၉၈၄၀ PECs ရှိရာ စုစုပေါင်းကော်မရှင်အဖွဲ့ခွဲပေါင်း ၁၃၃၉၉ ရှိသည်။

စာမျက်နှာ ၇ သို့

○ ၁၉၉၁ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတ နာဆူလ်တန် နာ ဇာဘာယာဗ့်က နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် သမ္မတရာထူးမှ နုတ်ထွက်ခဲ့သော်လည်း နိုင်ငံအတွင်းတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများမှာ ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပါလီမန်ဒီမိုကရေစီ လမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းလျက်ရှိ

# ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်နှင့် စားသုံးကုန်ပစ္စည်းများ လှူဒါန်း



**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တွင်းကြီးရပ်ကွက်ရှိ သာသနဝံ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥသာသီရိစာသင်တိုက်သို့ သွားရောက်၍ စာသင်တိုက်တစ်ခုလျှင် ဆန်အိတ် ၅၀၊ ဆီပိဿာ ၅၀၊ ကုလားပဲ သုံးအိတ်၊ ကြက်ဥအလုံး ၁၀၀၀ နှင့် ဆားငါးအိတ်တို့ကို သွားရောက်လှူဒါန်းသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ပဲခူးမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၁၀၈ ကျောင်းအတွက် ကျောင်းတိုက်တစ်ခုလျှင် ဆန်တစ်အိတ်၊ ဆီငါးပိဿာနှင့် ဝတ္ထုငွေကျပ် ငါးသောင်းစီကိုလည်းကောင်း၊ သီလရှင်ကျောင်း ၁၁၉ ကျောင်းအတွက် ကျောင်းတိုက်တစ်ခုလျှင် ဆန်တစ်အိတ်နှင့် ဆီငါးပိဿာကိုလည်းကောင်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့မှ ရပ်ကွက်/ကျေးရွာများအတွင်း ဆန်၊ ကြက်သား၊ ငါး၊ ငါးခြောက်၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ ဈေးကားဖြင့် လှည့်လည်ရောင်းချနေမှုကို လည်းကောင်း၊ ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် ပဲခူးမြစ်ကမ်းဘေး ပန်းခြံအဆင့်မြှင့်တင်နေမှုကို လည်းကောင်း၊ ပဲခူးမြို့ ပြည်တော်သာလမ်း နိုင်လွန်ကတ္တရာခင်းနေမှု၊ ရေမြောင်းနှင့် လူသွားလမ်း ပလက်ဖောင်းဆောင်ရွက်နေမှုကို လည်းကောင်း၊ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်နိုင်ရေးကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေးမြို့နယ် ကဗျာဝ - တရုတ်ထောက် ကတ္တရာလမ်း ပြီးစီး

**နေပြည်တော် စက်တင်ဘာ ၄**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖောက်လုပ်ပြီးစီးခဲ့သော ကဗျာဝ – တရုတ်ထောက် ပင်လယ်ကမ်းခြေပတ် မြေသားလမ်း ၃ မိုင် ၄ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၂၄၁ ဒသမ ၅၉၉ သန်း ဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့် မြေသားလမ်း ၂ မိုင်ကိုလည်း ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

အဆိုပါလမ်းသည် ကဗျာဝကျေးရွာနှင့် တရုတ်ထောက်ကျေးရွာများရှိ အိမ်ထောင်စု ၄၆၅ စု၊ လူဦးရေ ၂၆၂၃ ဦးကို အကျိုးပြုလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**



ရေးမြို့နယ် ကဗျာဝ – တရုတ်ထောက် ကတ္တရာလမ်း ဖောက်လုပ်ပြီးစီးမှုအား တွေ့ရစဉ်။

*စာမျက်နှာ ၆ မှ*

TECs ၏သက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး အဖွဲ့ဝင် ငါးဦးပါရှိသည်။ PECs သက်တမ်းမှာ ငါးနှစ်ပင် ဖြစ်သော်လည်း အဖွဲ့ဝင် ခုနစ်ဦးပါရှိသည်။ ဗဟိုရွေးကောက်ပွဲကော်မရှင် အောက်ရှိ ကော်မရှင် အဖွဲ့ခွဲများအား နိုင်ငံရေးပါတီများ၏ အကြံပြုတင်သွင်းသည့် အမည်စာရင်းများအပေါ် အခြေခံပြီး ဒေသန္တရ ကောင်စီလွှတ်တော်များ (Maslikhats) က ရွေးကောက်ခန့်အပ်သည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်တစ်ဆင့်စီတွင် ပါတီတစ်ပါတီစီက အမည်စာရင်းတစ်ဦး အဆိုတင်သွင်းခွင့်ရှိသည်။

### ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

ကာဇက်စတန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မဲပေးခွင့်ရှိသူ စုစုပေါင်း ၁၁၉၆၀၃၆၄ ဦးအနက် ၉၂၇၄၁၁၀ ဦး မဲလာပေးခဲ့သဖြင့် မဲပေးမှုရာခိုင်နှုန်း ၇၇ ဒသမ ၅၄ ရာခိုင်နှုန်း ရှိခဲ့သည်။ အထက်လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မဲပေးခွင့်ရှိသူ စုစုပေါင်း ၃၂၇၉ ဦးအနက် ၃၂၃၆ ဦး မဲလာပေးခဲ့သဖြင့် မဲပေးမှုရာခိုင်နှုန်း ၉၈ ဒသမ ၆၉ ရာခိုင်နှုန်း ရှိခဲ့သည်။ အောက်လွှတ်တော်ရွေးကောက်ပွဲများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး မဲပေးခွင့်ရှိသူ စုစုပေါင်း ၁၁၉၁၉၂၄၁ ဦးအနက် ၇၅၃၉၂၈၀ ဦး မဲလာပေးခဲ့သဖြင့် မဲပေးမှုရာခိုင်နှုန်း ၆၃ ဒသမ ၂၅ ရာခိုင်နှုန်း ရှိခဲ့သည်။

### ၂၀၂၁ ခုနှစ် အောက်လွှတ်တော် (Lower House Assembly– Mazhilis) ရွေးကောက်ပွဲ

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ စာရင်းများအရ ကာဇက်စတန်နိုင်ငံတွင် လူဦးရေစုစုပေါင်း ၁၈၅၉၂၉၇၀ ရှိပြီး ၈ ကြိမ်မြောက် အောက်လွှတ်တော် ရွေးကောက်ပွဲများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။ စုစုပေါင်းကိုယ်စားလှယ်နေရာ ၁၀၇ နေရာအနက် ၉၈ နေရာကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး ကိုးနေရာကိုပြည်သူ့ညီလာခံ (Assembly of People) က ရွေးချယ်တင်မြှောက်ခြင်းဖြစ်သည်။ မဲပေးခွင့်ရှိသူ ၁၁၉၁၉၂၄၁ ဦးအနက် ၇၅၃၉၂၈၀ ဦးလာရောက်မဲပေးခဲ့ပြီး မဲပေးမှုမှာ ၆၃ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်သည်။

၂၀၂၁ ခုနှစ် အောက်လွှတ်တော် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲစနစ်နှင့် လုပ်ငန်းစဉ်အချို့ကို ပြုပြင်ပြောင်းလဲခဲ့သည်။ ယင်းပြင်ဆင်ချက်များတွင် ပါတီများမှ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် အမျိုးသမီးနှင့် လူငယ် ၃၀ ရာခိုင်နှုန်း ထည့်သွင်းစေခြင်း၊ နိုင်ငံရေးပါတီ ဖွဲ့စည်းခြင်းဆိုင်ရာ ကန့်သတ်ချက်များအား လျှော့ချပေးခြင်းနှင့် အနိမ့်ဆုံးပါတီဝင်အင်အား သတ်မှတ်ချက်ကို ၄၀၀၀၀ မှ ၂၀၀၀၀ သို့ လျှော့ချခြင်းတို့ ပါဝင်သည်။ စုစုပေါင်းပါတီငါးပါတီမှ ကိုယ်စားလှယ်လောင်း ၃၁၂ ဦး အမည်စာရင်းတင်သွင်းခဲ့ပြီး မဲရုံပေါင်း ၁၀၀၆၀ ရုံ ဖွင့်လှစ်ခဲ့သည်။ Nur Otan ပါတီက ၇၆ နေရာရရှိခဲ့ပြီး အစိုးရဖွဲ့နိုင်ခဲ့ပါသည်။

### ၂၀၂၁ ခုနှစ် ပြည်သူ့ညီလာခံ (Assembly of People of Kazakhstan)

ပြည်သူ့ညီလာခံ (Assembly of People – QHA) သည် နိုင်ငံတော်အဆင့် နိုင်ငံရေး အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၁၉၉၅ ခုနှစ်မှစတင်တည်ထောင်ခဲ့ခြင်းဖြစ်ကာ သမ္မတသည် ညီလာခံ၏ ဥက္ကဋ္ဌဖြစ်သည်။ ကိုယ်စားလှယ် ၃၈၄ ဦးဖြင့် ဖွဲ့စည်းထားပြီး ကာဇက်စတန်နိုင်ငံအတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးအားလုံး၏ ကိုယ်စားလှယ်များပါဝင်ကာ ဒေသန္တရပြည်သူ့ညီလာခံများမှ ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်ကာ အောက်လွှတ်တော် (Lower House Assembly – Mazhilis) ကိုယ်စားလှယ်နေရာ ကိုးနေရာအတွက် မဲပေးရွေးချယ်ခွင့်ရှိသည်။ ၂၈ ကြိမ်မြောက် ပြည်သူ့ညီလာခံ အစည်းအဝေး (QHA)ကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် အောက်လွှတ်တော် (Lower House Assembly – Mazhilis) ကိုယ်စားလှယ် ကိုးဦးကို ရွေးချယ်ခဲ့သည်။

### နိဂုံး

လူဦးရေ ၁၈ သန်းကျော် နေထိုင်လျက်ရှိပြီး လူမျိုးပေါင်း ၁၃၁ မျိုးကျော် နေထိုင်လျက်ရှိသည့် ကာဇက်စတန်သမ္မတနိုင်ငံသည် ယခင်က နောမက် ခေါ် နေရာအတည်တကျမရှိ လှည့်လည်သွားလာနေသော လူမျိုးစုများ နေထိုင်ရာနေရာဖြစ်ပြီး ၁၃ ရာစုတွင် မွန်ဂိုတို့၏ သိမ်းပိုက်မှုခံရပြီးနောက် ၁၆ ရာစုတွင် ကာဇက်လူမျိုးများအဖြစ် သီးခြားထင်ရှားလာသော်လည်း ၁၉ ရာစုအလယ်တွင် ရုရှားအင်ပါယာ၏ အစိတ်အပိုင်းဖြစ်လာခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် သမ္မတရွေးကောက်ပွဲများအား မဲအများဆုံးရသူ အနိုင်ယူစနစ်ဖြင့် Two Round System ဖြင့်လည်းကောင်း၊ လွှတ်တော် ရွေးကောက်ပွဲများအား အချိုးကျ ကိုယ်စားပြုစနစ်ဖြင့်လည်းကောင်း ရွေးကောက်ပွဲများ စတင်ကျင်းပကာ သမ္မတနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတ နာဆူလ်တန်နာ ဇာဘာယာဗ့်က နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တွင် သမ္မတရာထူးမှ နုတ်ထွက်ခဲ့သော်လည်း နိုင်ငံအတွင်းတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများမှာ ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပါလီမန်ဒီမိုကရေစီလမ်းကြောင်းပေါ် ဆက်လက်လျှောက်လှမ်းလျက်ရှိပါကြောင်း လေ့လာတင်ပြအပ်ပါသည်။ ။


ကျမ်းကိုး

- https://en.wikipedia.org/wiki/Parliament_ of _Kazakhstan
- https://en.wikipedia.org/wiki/Kazakhstan
- https://www.cia.gov/the-world-factbook/countries/kazakhstan/
- https://www.electionguide.org/countries/id/111/
- https://factsanddetails.com/central-asia/Kazakhstan/sub8_4d/entry-4660.html
- https://archive. ipu. org/parline-e/reports/2165_b.htm
- https://www.election.gov.kz/upload/docs/metodicheskie-materialy/pamyatka-mezhd-nabl.pdf
- https://en.wikipedia.org/wiki/2021_Kazakh_legislative_election
- https://www.best-country.com/en/asia/kazakhstan/political_structure